# Tax Calendar

| အခွန်ထမ်းများ ဆောင်ရွက်ရမည့်လုပ်ငန်းစဉ် | လိုက်နာဆောင်ရွက်ရမည့် အချိန်ကာလ |
|---|---|
| လစဉ် အထူးကုန်စည်ခွန် ပေးသွင်းခြင်း | သက်ဆိုင်ရာလကုန်ဆုံးပြီး (၁၀) ရက် အတွင်း |
| လစဉ် ကုန်သွယ်လုပ်ငန်းခွန် ပေးသွင်းခြင်း | သက်ဆိုင်ရာလ ကုန်ဆုံးပြီး (၁၀) ရက် အတွင်း |
| သုံးလပတ် ဝင်ငွေခွန် ပေးသွင်းခြင်း | သက်ဆိုင်ရာသုံးလပတ် ကုန်ဆုံးပြီး (၁၀) ရက် အတွင်း |
| သုံးလတစ်ကြိမ် အထူးကုန်စည်ခွန် ကြေညာလွှာတင်သွင်းခြင်း | သက်ဆိုင်ရာလပတ် ကုန်ဆုံးပြီး (၁၀) ရက် အတွင်း |
| သုံးလတစ်ကြိမ် ကုန်သွယ်လုပ်ငန်းခွန် ကြေညာလွှာတင်သွင်းခြင်း | သက်ဆိုင်ရာသုံးလပတ် ကုန်ဆုံးပြီး (၁) လ အတွင်း |
| နှစ်ချုပ်ကုန်သွယ်လုပ်ငန်းခွန် ကြေညာလွှာတင်သွင်းခြင်း | သက်ဆိုင်ရာဘဏ္ဍာနှစ် ကုန်ဆုံးပြီး (၃) လ အတွင်း |
| နှစ်ချုပ်ဝင်ငွေ ကြေညာလွှာတင်သွင်းခြင်း | သက်ဆိုင်ရာဝင်ငွေနှစ် ကုန်ဆုံးပြီး (၃) လ အတွင်း |

Online Payment အသုံးပြု၍ MPU Debit Card ဖြင့် အခွန်ပေးဆောင်မည်ဆိုပါက အခွန်ပေးဆောင်ရမည့် သတ်မှတ်ရက် မတိုင်မီ တစ်ရက်ကြိုတင်ပေးသွင်းရန် လိုအပ်မည်ဖြစ်ပါသည်။

အခွန်ပေးဆောင်ရမည့်သတ်မှတ်ရက်တွင် ပေးသွင်းပါက ဆိုင်ရာအခွန်ရုံး၏ MEB ရှိ ငွေစာရင်းသို့ ပေးသွင်းသည့်နေ့ရက် နောက်တနေ့ ရုံးဖွင့်ရက်မှသာ စာရင်းဝင်မည်ဖြစ်ပါသဖြင့် အထူးသတိပြုပေးသွင်းရန် အသိပေးအပ်ပါသည်။

## MPU E-commerce စနစ်သုံး၍ အခွန်ပေးဆောင်ရာတွင် အခွန်ပေးဆောင်သူများအနေဖြင့် လိုက်နာရမည့် အချက်များ

(၁) Tax Payer များသည် အဖွဲ့ဝင်ဘဏ်တစ်ခုခုတွင် IRD ၏ အထောက်အထားဖြင့် Corporate Debit Card လျှောက်ထားရပါမည်။

(၂) အဆိုပါ Corporate Debit Card သည် Tax Payment တစ်ခုတည်းသာဆောင်ရွက်နိုင်မည်ဖြစ်ပြီး အခြားသောကိစ္စရပ်များတွင်အသုံးပြုလိုပါက ဘဏ်သို့ကြိုတင် လျှောက်ထားရပါမည်။

(၃) Tax ပေးရာတွင် Transaction တစ်ကြိမ်လျှင် Maximum ပမာဏ MMK 5 Billion အထိပေးဆောင်နိုင်မည်ဖြစ်ပါသည်။ MMK 5 Billion ထက်ကျော်လွန်သောပမာဏရှိပါက အလီလီခွဲ၍ ပေးသွင်းရပါမည်။

(၄) အဆိုပါ Tax ပေးဆောင်ခြင်းအတွက် E-commerce Transaction Charges အဖြစ် Transaction တစ်ကြောင်းလျှင် (၁၀၀၀)ကျပ် ကောက်ခံပါမည်။

(၅) Tax ပေးဆောင်သော Transaction တစ်ကြိမ်ပြုလုပ်တိုင်း လုံခြုံမှုရှိစေရန်အတွက် One Time Passoword (OTP) ကို အသုံးပြုရမည်ဖြစ်ပါ၍ OTP ပေးပို့ရန်အတွက် Dedicated Email Account တစ်ခုကို ကဒ်လျှောက်ထားသည့် ဘဏ်သို့ ပေးရမည်ဖြစ်ပါသည်။ အဆိုပါ Email ၏ Security ကို အသုံးပြုသူမှတာဝန်ယူရန်ဖြစ်ပါသည်။

(၆) Tax Payment ပြုလုပ်ပြီး Successful ဖြစ်ပါက Tax ပေးဆောင်သူထံသို့ Transaction Successful ဖြစ်ကြောင်း E-mail ပေးပို့ပါမည်။ Email မရရှိပါက Transaction Success မဖြစ်ပါ။

(၇) Tax Payment လုပ်ဆောင်ပုံအဆင့်ဆင့်ကို တစ်ဖက်ပါအတိုင်း လေ့လာဆောင်ရွက်နိုင်ပါသည်။


THE REPUBLIC OF THE UNION OF MYANMAR
MINISTRY OF FINANCE
INTERNAL REVENUE DEPARTMENT





# MPU e-commerce အသုံးပြု၍ အခွန်ပေးဆောင်ခြင်း

## TAX PAYMENT USING MPU E-COMMERCE


ပေး ချေ လွှယ် ကူ

BETTER WAY TO PAY


Myanmar Payment Union Public Co.,Ltd
www.myanmarpaymentunion.com

# MPU E-COMMERCE စနစ်သုံး၍ အခွန်ပေးဆောင်ပုံအဆင့်ဆင့်


www.irdmyanmar.gov.mm သို့ ဝင်ပါ။





Step 1

အချက်အလက်များကိုပြန်လည်စစ်ပြီး Confirm နှိပ်ရပါမည်။

Step 2





Card ၏အချက်အလက်များကိုဖြည့်သွင်းပြီး OTP ရယူရပါမည်။





Step 3

ပေးချေမှုမပြုလုပ်မီ အချက်အလက်များကို သေချာပြန်စစ်ပေးရန်။

Step 4





ပေးချေမှုအောင်မြင်ပါက အောက်ပါဖောင်အတိုင်းကျလာပါမည်။




Step 5

ပေးချေမှုမှတ်တမ်းအား IRD Web Portal မှလူကြီးမင်းထံသို့ Email ပို့ပေးပါမည်။

Step 6




## MPU Card ဖြင့် အခွန်ပေးသွင်းပြီးနောက် မှားယွင်းမှုများ တစုံတရာပေါ်ပေါက်လာပါက လုပ်ဆောင်ရမည့်အချက်များ

(၁) အခွန်ထမ်းများအနေဖြင့် အခွန်ပေးသွင်းပြီးမှ အခွန်ပေးသွင်းမှုဆိုင်ရာအချက်အလက်များဖြစ်သည့် Tax Type,Payment Type,Tax Period နှင့် Income Year မှားယွင်းမှုရှိကြောင်း ဆိုင်ရာလအတွင်း တွေ့ရှိပါက လကုန်ရက်မတိုင်မီ သက်ဆိုင်ရာအခွန်ရုံးသို့ ဆက်သွယ်၍ အမှားပြင်ဆင်ချက် လျှောက်ထားရမည်။

(၂) အခွန်ထမ်းများအနေဖြင့် အခွန်ပေးသွင်းပြီးမှ ပေးဆောင်သည့် အခွန်ရုံးလွဲမှားမှု တွေ့ရှိပါက သက်ဆိုင်ရာအခွန်ရုံးသို့နေ့ချင်း အကြောင်းကြား၍ မိမိအခွန်ငွေပေးသွင်းခဲ့သည့် ဘဏ်သို့သွားရောက် Dispute ပြန်လည်လျှောက်ထားရမည်။

(၃) သတ်မှတ်ကာလကျော်လွန်ပြီးမှ ပြင်ဆင်ခွင့်လျှောက်ထားပါက တည်ဆဲအခွန်ဆိုင်ရာ နှင့် ငွေစာရင်းဆိုင်ရာလုပ်ထုံးလုပ်နည်းများနှင့်အညီ ပြန်အမ်းငွေထုတ်ပေးခြင်း၊ ဆိုင်ရာခေါင်းစဉ်တွင် ကြိုတင်ငွေဖြင့်ခုနှိမ်ပေးခြင်းများ ဆောင်ရွက်ပေးသွားမည်။

## MPU Card အသုံးပြု၍ Online မှ အခွန်ပေးဆောင်ရာတွင် အခွန်ပေးဆောင်သူများ သတိပြု ရှောင်ရှားရမည့်အချက်များ

(က) ပေးဆောင်သည့် အခွန်အမျိုးအစားများအား မှန်ကန်စွာ ရွေးချယ်မှုမရှိခြင်း။

(ခ) အခွန်ပေးဆောင်မှုအမျိုးအစား လွဲမှားခြင်း၊ ရွေးချယ်မှုမရှိခြင်း။

(ဂ) အခွန်ငွေပေးသွင်းသည့်ကာလအား ပြည့်စုံစွာ ရွေးချယ်မှုမရှိခြင်း။

(ဃ) အခွန်ကာလအား ဘဏ္ဍာနှစ် တစ်နှစ်စီအလိုက် မဟုတ်ဘဲ ဘဏ္ဍာနှစ်များပေါင်း၍ ပေးသွင်းခြင်း။

(င) အခွန်အမျိုးအစားမတူညီသည်များကို Transaction တစ်ကြိမ်တည်းဖြင့်စုပေါင်း၍ပေးသွင်းခြင်း။

(စ) လစာဝင်ငွေခွန် နှင့် ပင်ရင်းမှနုတ်ယူပေးသွင်းသည့်ကိစ္စများအတွက် သတ်မှတ် Schedule မပါရှိခြင်း။